(ပိုးကောင်ကလေးများကိုမထိမိအောင်ရှောင်လျက်) အထက် မျက်နှာကြက်မှစ၍ တံမြက်လှည်းရသည်၊ လေသောက်ပြူတင်းပေါက် အနားတို့ကို ပွတ်သုတ်ရသည်၊ အင်္ကတေ ဆေးသုတ်ထားသော နေရာများ၌ကား အဝတ်ကို ရေဆွတ်၍ ညှစ်ပြီးလျှင် ဆေးရောင်မပျက်အောင် သာသာယာယာ ပွတ်တိုက်ရသည်။

(၄) အမှိုက်များကို စုပြီးနောက် သင့်တော်ရာ၌ စွန့်ပစ်ရသည်၊ အပြင်သို့ ထုတ်ထားသော သင်္ကန်း ခုတင်စသည်ကို ဖုံခါရသည်၊ ဖုံခါသောအခါ ရဟန်းတော်များ၏အနီး ကျောင်းတဆောင်ဆောင်၏အနီး သောက်ရေ သုံးရေအိုးတို့၏ အနီး၌ မခါရ၊ လေလာသောဘက်(လေတင်)ကလည်း မခါရ၊ လေအောက်သို့ ဖုံသွားအောင် ခါရသည်၊ ထိုသို့ ခါသင့်သည်ကို ဖုံခါပြီးမှ သုတ်သင့်သည်ကို ပွတ်သုတ်ပြီးမှ နေလှန်းသင့်သည်ကို နေလှန်းပြီးမှ အသုံးအဆောင်များကို ကျောင်းတွင်းသို့ ပြန်၍ သွင်းရသည်၊ ပြန်ထားသောအခါလည်း နဂိုရ်အတိုင်း ထားတတ်အောင် အပြင်ထုတ်စဉ်ကပင် ထားပုံကို သေချာစွာ မှတ်သား၍ ထုတ်ရမည် ဟု မိန့်တော်မူသည်။

(၅) လေတိုက်သောအခါ၌ ရိုးရိုး လေညှင်းလာလျှင်(မိမိကလည်း လေညှင်းခံလိုလျှင်)တံခါးများကို ပိတ်ဘွယ်မလိုပါ၊ သို့သော် တရံတခါ မြူမှုန်နှင့်ရော၍ လေလာတတ်၏၊ ထိုအခါ ကျောင်းတွင်း၌ မြူမှုန် မဝင်ရ